ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၀၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့ အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ် မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဦးလှမောင်၊ ကယား(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးကျွဲန်ခန်း၊ ချင်း(၁)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ အစည်းအဝေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကျန်းမာရေး။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အခြေခံပညာရေး ဥပဒေကြမ်း အပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အခြေခံပညာရေးဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ - ၆၀၈
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ အခြေခံပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ (၂၃-၇-၂၀၁၅)ရက်နေ့မှာ အစီရင်ခံစာတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီ ဥပဒေကြမ်းအပေါ်မှာ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးရှုမောင်နဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဒေါက်တာဗညားအောင်မိုးတို့က အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးချက်တွေနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်မှ ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ (၂၃-၁၁-၂၀၁၅)ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

### လေ့လာတွေ့ရှိချက်အနေနဲ့ကတော့

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) အခြေခံပညာရေး၏ ရည်မှန်းချက်များ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ဆ)၏အောက်တွင် အပိုဒ်ခွဲ(ဇ)အဖြစ် အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ အခြေခံရရှိစေရန်လို့ အသစ်ဖြည့်စွက်ပြီးတော့ မူလအပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ ယင်းတွင်ဖော်ပြထားတဲ့ စကားရပ်တွေအစား အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိစေရန်ဆိုတဲ့ စကားရပ်နဲ့ အစားထိုး ပြင်ဆင်သင့်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

(ခ) ထို့ပြင် ဥပဒေကြမ်းတစ်ရပ်လုံးတွင် စကားရပ်များပြောင်းလဲခြင်း၊ မြန်မာစာရေးထုံးနဲ့ ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းနဲ့ ပြောင်းလဲသွားတဲ့ အမှတ်စဉ်တွေကိုလည်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

### ကော်မတီ၏သဘောထားမှတ်ချက်ကို တင်ပြပါမယ်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေး ဥပဒေကြမ်း ကို ဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက မူလတင်ပြထားတဲ့ ပြင်ဆင်ချက်များနဲ့အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခြေခံပညာရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဆွေးနွေးရန်ရှိပါက အချိန်မရွေးထပြီး ဆွေးနွေးနိုင်ပါတယ်။ တစ်ပိုဒ်ချင်း မေးမြန်းခြင်းမပြုတော့ပါဘူး။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး တင်ပြမှာကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက် ဖြစ်ပါတယ်။

**အခြေခံပညာရေးဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　　　။)**

**၁၃၇၇ ခုနှစ်၊　　　လ　　　ရက်**

**(၂၀၁၅ ခုနှစ်၊　　　လ　　　ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း(၁) အပိုဒ် ၂(စ) (န) (ဗ) (ဘ) (ယ) (ရ) (ဝ) နဲ့ (ဟ) တို့ကို ဆက်လက်တင်ပြပါမယ်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(စ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့ အသီးသီးကိုဆိုသည်။

(န) ရပ်ရွာပညာပဒေသာဌာန ဆိုသည်မှာ ကျောင်းပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများ ကိုယ်တိုင်စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြုသင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက်အစဉ် သင်ယူနေသည့် လူ့အဖွဲ့အစည်းများဖြစ်ထွန်းလာစေရန်နှင့်သတင်းအချက်အလက်များ ဖြန့်ဖြူးရန်ဌာနအဖြစ်လည်းကောင်း တာဝန်ယူ အကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာနတစ်ခုကို ဆိုသည်။

(ပ) အတွင်းအရည်အသွေး အာမခံမှု ဆိုသည်မှာ ဌာနတွင်း ကျွမ်းကျင်ဝန်ထမ်းများဖြင့် အရည်အသွေး အာမခံခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း ကိုဆိုသည်။

(ဘ) ပြင်ပအရည်အသွေးအာမခံမှု ဆိုသည်မှာ ဌာနပြင်ပ ကျွမ်းကျင်သူများဖြင့် အရည်အသွေး အာမခံခြင်း ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ယ) သင်ရိုးညွှန်းတမ်း အညွှန်းဘောင် ဆိုသည်မှာ သင်ရိုး ညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ ရည်မှန်းချက်နှင့် ရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးနည်းများကို ပြည့်စုံစွာ ရေးသားထားသော မူဘောင်ကို ဆိုသည်။

(ရ) ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်း ဆိုသည်မှာ ဆရာများကထိရောက်သော နည်းလမ်းများကို အသုံးပြု၍ အပြုသဘောဆောင်သော ဆရာ ကျောင်းသား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ယူသူများကိုယ်တိုင်သင်ယူမှု ဖြစ်ထွန်းစေရန် သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကို ဆိုသည်။

(ဝ) အစိုးရကျောင်းဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ မူကြိုပညာရေး၊ အခြေခံပညာရေးနှင့် နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ အခြေခံများ သင်ကြားပေးရန် အစိုးရက တည်ထောင်ဖွင့်လှစ်ထားသည့် ကျောင်းကိုဆိုသည်။

(ဟ) သင်ယူမှုဝန်းကျင်ကောင်း ဆိုသည်မှာ ကျောင်းသားများ၏ ဘက်စုံပညာ ရရှိရေးအကောင်အထည်ဖော်ရာတွင် ကျောင်း၏ရုပ်ပိုင်းနှင့် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့်အခြေအနေများ ဖန်တီးပေးခြင်းဖြင့် အောင်မြင်ထိရောက်သော သင်ယူမှုကို ဖြစ်ထွန်းစေသည့် ဝန်းကျင်ကိုဆိုသည် ဖြစ်ပါတယ်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ (စ)(န)(ဗ)(ဘ)(ယ)(ရ)(ဝ)(ဟ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ (စ)(န)(ဗ)(ဘ)(ယ)(ရ)(ဝ)(ဟ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အခန်း(၂)၊ အပိုဒ် ၃(က) (ခ) (ဂ) (ဃ) (င) (စ) (ဆ)(ဇ)(ဈ)(ည)နဲ့(ဋ)တို့ကို တင်ပြပါမယ်။

၃။ အခြေခံပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) နိုင်ငံသားတိုင်း အခြေခံပညာပြီးဆုံးသည် အထိ သင်ယူတတ်မြောက်စေရန်၊

(ခ) အခြေခံပညာ အဆင့်အလိုက် တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံသားကောင်းများ ဖြစ်စေရန်၊

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့်လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် စည်းကမ်းပြည့်ဝ၍ ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများ ဖြစ်စေရန်၊

(ဃ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကိုလက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်စေရန်၊

(င) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ် ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုး တိုးတက်မှု အသိပညာကို လက်ဆင့်ကမ်းနိုင်သော နိုင်ငံသားများ ဖြစ်စေရန်၊

(စ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြား၊ သင်ယူမှု အရည်အသွေး မြင့်မားစေရန်၊

(ဆ) အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာစေရန် အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။

(ဇ) အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ အခြေခံရရှိစေရန်၊

(ဈ) အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများ ရရှိစေရန်၊

(ည) မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်စေရန်၊

(ဋ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများဖြစ်စေရန်တို့ဖြစ်ပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်ခွဲငယ်(ခ)နဲ့ (ဂ)မှာ (ခ)က နိုင်ငံသားကောင်းများ ဖြစ်စေရန် ဖြစ်နေတယ်။ (ဂ)မှာ နိုင်ငံ့သားကောင်းများ ဖြစ်စေရန် ။ ဒါကြောင့် (ခ)မှာ ဝစ္စပေါက် ထည့်လိုက်ပေ့ါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)((ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက်အခန်း(၂)၊ အပိုဒ်၃(က)(ခ)(ဂ)((ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၃)၊ အပိုဒ် ၄ (ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဋ)(ဏ)(ထ) (ဒ)နဲ့ (န)တို့ကို ဆက်လက်တင်ပြပါမယ်။

၄။ အခြေခံပညာရေးဆိုင်ရာအခြေခံမူများမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(ခ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်

ခဲ့ခြင်း မရှိသူများကို အခြေခံပညာရေး အဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင် ပညာရေး အစီအစဉ်၊ အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များ အရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေး တစ်ခုခုတွင် အခြေခံပညာ သင်ယူနိုင်ခွင့်ရရှိရေး၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့် ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာအဆင့်အလိုက်နှင့် အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုးညွှန်း တမ်း စံများနှင့်အညီ အရည်အသွေး အာမခံမှုရှိသော စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(င) ပညာလေ့လာသင်ယူရာတွင် သင်ယူသူ၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ အဆင့် အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အပါအဝင် မည်သည့်ခွဲခြားမှုမျှ မရှိစေရေး၊

(စ) မြန်မာဘာသာစကားသည် ရုံးသုံးဘာသာစကား ဖြစ်သဖြင့် အခြေခံပညာအဆင့်တွင် သင်ကြားမှု ဘာသာစကားဖြစ်ရေးနှင့် လိုအပ်လျှင်သက်ဆိုင်ရာ တိုင်းရင်းသားဘာသာ စကားကို မြန်မာဘာသာ စကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားအဖြစ် တွဲဖက် အသုံးပြုနိုင်ရေး၊

(ဆ) ပညာသင်ယူသူ တိုင်းပြည်ထောင်စု စိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့များကို မြတ်နိုးလေးစား တန်ဖိုးထားပြီး ထိန်းသိမ်းလိုစိတ်၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့ အကျုံးဝင်သော တန်ဖိုးထားမှု အခြေပြုသည့် အမျိုးသားစရိုက် လက္ခဏာများ ဖွံ့ဖြိုး လာစေရေး၊

(ဇ) ပညာရေးစွမ်းဆောင်ရည်ကို အစဉ်စနစ်တကျ လေ့လာကြီးကြပ် အကဲဖြတ်၍ မြင့်မား လာရန် ဆောင်ရွက်ရေး၊

(ဈ) အခြေခံပညာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသားမိဘများ၊ မိဘ ဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့နှင့် ရပ်ရွာအဖွဲ့အစည်းများက ပူးပေါင်း ပါဝင် ဆောင်ရွက်ရေး၊

(ည) အခြေခံပညာကဏ္ဍအတွက် ဆရာများ ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာအတတ် ပညာ ကဏ္ဍနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရေး၊

(ဋ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရေး၊

(န) အခြေခံပညာဆိုင်ရာ အစိုးရကျောင်းများ၊ အခြားကျောင်းများနှင့် ပညာရေး အစီအစဉ်များအကြား အပြန်အလှန်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် တန်းညှိပညာရေး အစီအစဉ်ဆိုင်ရာစံနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များနှင့် ညှိနှိုင်းသတ်မှတ် ရေးဆွဲပြဋ္ဌာန်းရေးတို့ ဖြစ်ပါတယ်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဋ)(ဏ)(ထ)(ဒ)(န) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဋ)(ဏ)(ထ)(ဒ)(န) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အခန်း(၄)၊ အပိုဒ် ၅(ခ)(ဂ)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ (ဇ)၊ အပိုဒ် ၉(က) ခြေဆင်း၊ အပိုဒ် ၉(က)(၁)(၂)(၃)တို့ကို ဆက်လက်တင်ပြပါမယ်။

၅။ (ခ) ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းအဆင့် ပညာရေး၊

(ဂ) ဆဋ္ဌမတန်းမှ နဝမတန်းအထိ အလယ်တန်းအဆင့် ပညာရေး၊

၆။ (ဂ) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများ ပါရှိသည့် သို့မဟုတ် မပါရှိသည့် အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်အတန်းများပါရှိသော အခြေခံပညာအထက်တန်းကျောင်း။

၇။ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ ပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါ ကျောင်းများသည် အခြေခံပညာရေးအဆင့်နှင့် အတန်းများ ပါရှိသော ကျောင်းအမျိုး အစားများအဖြစ် သတ်မှတ်ရမည်-

ဖြည့်စွက်ချက်-

(ဇ) အထူးပညာရေး အစီအစဉ်ကျောင်းများ၊

၉။ (က) ဝန်ကြီးဌာန၏ ပညာရေးမြှင့်တင်မှု အစီအစဉ်အရ အသက်သုံးနှစ်မှ ငါးနှစ်အထိ ကလေးများအတွက် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ တွဲဖက်လေ့ကျင့်ပြုစုပျိုးထောင်ပေးရာတွင်-

(၁) မူကြိုဖွင့်ရန်ဆန္ဒပြုသည့် ကျောင်းများကို မြို့နယ်ပညာရေးမှူးရုံး၏ စိစစ်ထောက်ခံချက်ဖြင့် အခြေခံပညာဦးစီးဌာနက ခွင့်ပြုနိုင်သည်။

(၂) မူကြိုဆရာအဖြစ် သတ်မှတ်ချက်များဖြင့် ပြည့်စုံသူကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်အပ်ပြီး လိုအပ်သောသင်တန်းများ တက်နိုင်ရန် စီစဉ်ပေးရမည်။

(၃) မူကြိုတန်းအခန်းများသည် ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် ရုပ်ပတ်ဝန်းကျင်ကောင်းနှင့် ပြည့်စုံရမည်တို့ ဖြစ်ပါတယ်။

ဒီ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(ခ)(ဂ)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ (ဈ)၊ အပိုဒ် ၉ (က)ခြေဆင်း၊ အပိုဒ် ၉(က)(၁)(၂)(၃) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(ခ)(ဂ)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ (ဈ)၊ အပိုဒ် ၉(က)ခြေဆင်း၊ အပိုဒ် ၉(က)(၁)(၂)(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အခန်း(၅) ၊ အပိုဒ် ၁၀ (က)ခြေဆင်း၊ အပိုဒ် ၁၀(က)(၂)(၃) (၄)(၅) (၆)(၇)(၈)(၉)(၁၀)၊ အပိုဒ် (၁၀)(ခ)၊ အပိုဒ် ၁၁ ခြေဆင်းတို့ကို တင်ပြပါမယ်။

၁၀။ (က) ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(၂) မူကြိုပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပ၊ အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊

(၃) မသန်စွမ်းသူများ အပါအဝင်အကြောင်း အမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်း မရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ကျောင်းပညာရေးသို့မဟုတ် ကျောင်းပြင်ပ ပညာရေးတစ်ခုခု၌ ပညာဆည်းပူးခွင့် ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဌာနက တင်ပြလာသော အသုံးစရိတ်များကို စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(၄) ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီး ဌာန၊ ပြည်တွင်းပြည်ပ အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊

(၅) ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေး အထူးဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဒေသ ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရနှင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၆) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်း၊

(၇) အခြေခံပညာကျောင်းများတွင် ခန့်ထားမည့် ဆရာများ၏ ပညာအရည်အချင်း ကို သတ်မှတ်ရန်အတွက် ဆရာအတတ်ပညာ ဦးစီးဌာနအား တာဝန်ပေးအပ် ခြင်း၊

(၈) အခြေခံပညာအဆင့်လိုက်သင်ပြမည့် ဆရာများအတွက် ဆရာအတတ်ပညာ ဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ရရှိရေးနှင့် လုပ်ငန်းခွင်ရှိ ဆရာများ၏ အရည်အချင်းကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန် ဆရာအတတ်ပညာ ဦးစီး ဌာနအား တာဝန်ပေးအပ်ခြင်း၊

အသစ်ဖြည့်စွက်ချက်-

(၉) ဝန်ကြီးဌာနက အခြေခံပညာဆရာများအား ယင်းတို့တာဝန် ထမ်းဆောင် နေသော အဆင့်အတွင်း တည်မြဲစွာ တာဝန်ထမ်းဆောင်နိုင်ရန် ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်အဆင့်အလိုက် အဆင့်တိုးမြှင့်ခြင်း၊ လစာငွေတိုးမြှင့်ခြင်း နှင့် ချီးမြှင့်ငွေ ချီးမြှင့်ခြင်းတို့ကို ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များနှင့်ပညာရေးဆိုင်ရာ လုပ်ငန်းများကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း။

(ခ) ဝန်ကြီးဌာနသည် အထက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌လိုအပ်သော ကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရန် မိမိဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များအား တာဝန်ပေးဆောင်ရွက်ရမည်-

ဒီ ပြင်ဆင်ဖြည့်စွက်ချက်တွေကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (က)ခြေဆင်း၊ အပိုဒ် ၁၀ (က)(၂)(၃)(၄)(၅)(၆)(၇)(၈)(၉)(၁၀)၊ အပိုဒ် (၁၀)(ခ)၊ အပိုဒ် ၁၁ ခြေဆင်း ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) ၊ အပိုဒ် ၁၀(က)ခြေဆင်း၊ အပိုဒ် ၁၀ (က)(၂)(၃)(၄)(၅)(၆)(၇)(၈)(၉)(၁၀)၊ အပိုဒ် (၁၀)(ခ)၊ အပိုဒ် ၁၁ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၆) ၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(ဂ)(င)(၃)၊ အပိုဒ် ၁၄ (က)(ဂ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ (က)(၄)(၈)(၉)၊ အပိုဒ် (ခ)(၁)(၂)(၃)တို့ကို ဆက်လက်တင်ပြပါ့မယ်။

၁၂။ (က) ဝန်ကြီးဌာနသည် အခြေခံပညာ သင်ရိုးညွှန်းတမ်း ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရန် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံး စာအုပ်ကော်မတီကို ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ခြင်းခံရသော ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး ကော်မတီဝင်များအဖြစ် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှကိုယ်စားလှယ်များ၊ ဘာသာရပ်သင်ရိုးကော်မတီဥက္ကဋ္ဌများ၊ ဆရာကိုယ်စားလှယ်များ၊ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာ ကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းရမည်။

၁၃။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်-

(ဂ) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို စိစစ်၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(င) (၃) ကျောင်းသုံးစာအုပ်များစိစစ်ရေး၊ အသိအမှတ်ပြုရေးတို့ကို ဆောင်ရွက်ရမည့် အဖွဲ့ငယ်များ၊

၁၄။ ဝန်ကြီးဌာနသည်-

(က) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီက တင်ပြလာသော အခြေခံပညာရေး သင်ရိုးညွှန်းတမ်းစံများကို အတည်ပြုနိုင်ရန် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီသို့ စိစစ်တင်ပြရမည်။

(ဂ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီက တင်ပြလာသော အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ကျောင်းသုံးစာအုပ်များကို စိစစ်၍ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

၁၅။ အခြေခံပညာ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရန်နှင့် ကျောင်းသုံးစာအုပ်များပြဋ္ဌာန်းရန် တာဝန် ပေးအပ်ခြင်းခံရသော ဦးစီးဌာနသည်-

(က) (၄) အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရေး၊

(၈) ပြည်ထောင်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရေး၊

(၉) မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင် ပညာရေးအရ ပညာသင်ယူခွင့် ရရှိစေရန် အထူးပညာရေးလိုအပ်ချက်နှင့်အညီ ပေါင်းစပ်သင်ကြားနိုင်ရေး။

(ခ) (၁) ဘာသာစကား၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာနယ်ပယ်များအတွက် လိုအပ်သောအသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး လေ့လာသင်ယူရန်စီစဉ်ခြင်း၊

(၂) ဘက်စုံဖွံ့ဖြိုးမှု ရရှိရန်အတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု နယ်ပယ်အလိုက် လိုအပ်သော ကျွမ်းကျင်မှုများကို လေ့လာသင်ယူရန် စီစဉ်ခြင်း၊

(၃) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာများ အပါအဝင်ခေတ်နှင့် လျော်ညီသော နည်းပညာများကို လေ့လာသင်ယူနိုင်ရန် စီစဉ်ခြင်း။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁၂(ခ) အောက်ဆုံးမှာ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် ဆိုတဲ့ "နှင့်"ကို ဖျက်လိုက်ပါ၊ ပုဒ်ထီး(၊)၊ သင်ရိုးကျွမ်းကျင်ပညာရှင်များ၊ တိုင်းရင်းသားဘာသာ ကျွမ်းကျင်ပညာရှင်များ နှင့် ဖွဲ့စည်းရမည်။ ရပြီလား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) ၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃(ဂ)(င)(၃)၊ အပိုဒ် ၁၄(က)(ဂ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ (က)(၄)(၈)(၉)၊ အပိုဒ် (ခ)(၁)(၂)(၃) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆) ၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃(ဂ)(င)(၃)၊ အပိုဒ် ၁၄(က)(ဂ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ (က)(၄)(၈)(၉)၊ အပိုဒ် (ခ)(၁)(၂)(၃)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၇) ၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃ (ခ)(ဂ)၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (က)(ခ)(ဂ)(ဃ)(စ)(ဆ)တို့ကို ဆက်လက် တင်ပြပါ့မယ်။

၁၈။ ဦးစီးဌာနသည် သင်ကြားသင်ယူမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ကျောင်းအုပ်ကြီး၏ သင်ကြားသင်ယူမှုဆိုင်ရာ ဦးဆောင်မှုပေးခြင်း၊ သင်ယူမှု ဝန်းကျင်ကောင်းဖြစ်လာရန် အဖက်ဖက်မှ ပံ့ပိုး ခြင်း၊ စာသင်ခန်းကိုစနစ်တကျစီမံအုပ်ချုပ်ခြင်း၊ သင်ကြားသင်ယူမှုဆိုင်ရာနည်းစနစ်များကို အသုံးပြုခြင်း၊ တတ်မြောက်မှုကို စနစ်တကျအကဲဖြတ်ခြင်းနှင့် မှတ်တမ်းထားရှိခြင်းတို့ကို လမ်းညွှန် ကြီးကြပ်ရမည်။

၁၉။ ဦးစီးဌာနသည် ကျောင်းသားရေးရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်ရမည်။

၂၀။ ဦးစီးဌာနသည် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ -

(က) လုပ်ငန်းအလိုက်ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများသတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှု နှင့်တာဝန်ခံနိုင်မှုရှိရေးတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက် ရမည်။

၂၁။ ဦးစီးဌာနသည် ကျောင်း၊ ရုံးအဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဒေသလိုအပ်ချက်နှင့် လျော်ညီသော စံချိန်စံညွှန်းများသတ်မှတ်ရေး၊ လုံခြုံမှုရှိပြီး သင်ကြား သင်ယူမှုကို အထောက်အပံ့ပြုသော သင်ယူမှုဝန်းကျင် ဖြစ်ရေးတို့ကို စီမံဆောင်ရွက်ရမည်။

၂၂။ ဦးစီးဌာနသည် တည်ဆဲဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲရေး၊ ထင်သာ မြင်သာရှိရေး၊ သာတူညီမျှမှု ရှိရေး၊ အဆင့်ဆင့် စစ်ဆေးခံနိုင်မှုရှိရေးတို့ကို ဆောင်ရွက်ရမည်။

၂၃။ ဦးစီးဌာနသည် စီမံကိန်းနှင့် စာရင်းအင်းအချက်အလက်များ စီမံခန့်ခွဲမှု နှင့် စပ်လျဉ်း၍ -

(ခ) အခြေခံပညာရေး အဆင့်အလိုက် ပညာရေး စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက် စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) လူတိုင်းအတွက်ပညာရေးဆိုင်ရာ အမျိုးသားအဆင့် အညွှန်းကိန်းများဖြင့် အခြေခံ ပညာအဆင့်အလိုက် အကောင်အထည်ဖော်မှုကို လေ့လာကြီးကြပ်ခြင်းနှင့် စစ်ဆေး အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၄။ ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်စဥ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဒ်မ ၁၁(ခ) အရ သင်ကြားသင်ယူမှုနှင့် အုပ်ချုပ်မှု စွမ်းရည်များ မြှင့်တင်ခြင်းနှင့် စပ်လျဥ်း၍ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ကြီးများ၊ ဆရာများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှု စံသတ်မှတ်ခြင်းနှင့် အဆိုပါ စံများနှင့် အညီ အကောင်အထည်ဖော်မည့် လုပ်ငန်းစဥ်များကို စီစဥ်ရေးဆွဲခြင်း၊

(ခ) အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်း လုပ်ငန်း၏ သုံးသပ် တင်ပြချက်များကို အခြေပြုပြီး ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင် ရည်မြှင့်တင်မှု အစီအစဥ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ကြီးကြပ်ခြင်း၊ ယင်းအစီအစဥ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း စီစဥ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ပညာရေးဝန်ထမ်းများ စဥ်ဆက်မပြတ် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းခွင်သင်တန်းများ ပုံမှန်ဖွင့်လှစ်ပေးရေးအတွက် သင်တန်းကျောင်းများ၊ သင်တန်းဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဃ) ပညာရေးပြုပြင် ပြောင်းလဲမှုလုပ်ငန်းများ၊ အစီအစဥ်များ၊ စီမံကိန်းများနှင့် စီမံချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းများ စီစဥ်ခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သင်ရိုးညွှန်းတမ်း ပံ့ပိုးမှုအဖွဲ့များကို ဖွဲ့စည်း ဆောင်ရွက်ရာတွင် လမ်းညွှန်ပံ့ပိုးမှုပေးခြင်း၊

(စ) ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇) ၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃ (ခ)(ဂ)၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (က)(ခ)(ဂ)(ဃ)(င)(စ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇) ၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃ (ခ)(ဂ)၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (က)(ခ)(ဂ)(ဃ)(စ)(ဆ) သည် ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၈) ၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀ (က) (ခ) (ဃ) (စ) (ဆ) (ဇ)၊ အပိုဒ် ၃၁ တို့ကို ဆက်လက်တင်ပြပါ့မယ်။

၂၆။ ဦးစီးဌာနသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကချမှတ်ထားသော မူဝါဒများနှင့်အညီ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ၏ အရည် အသွေး အာမခံမှုစံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း အခြေခံပညာ၏ အရည်အသွေးအာမခံမှု ကြီးကြပ် ဆောင်ရွက်သည်။ ဆောင်ရွက်ရမည်။ ဆောင်ရွက်ရမည် ဖြစ်ရပါမယ်ခင်ဗျ။ ဟုတ်ကဲ့ပါခင်ဗျ။ အရည် အသွေး အာမခံမှုကို ကြီးကြပ်ဆောင်ရွက်ရမည်။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အာမခံမှုကို၊ အရည်အသွေးအာမခံမှုကို ကြီးကြပ်ဆောင်ရွက်ရမည်။

၂၇။ အခြေခံပညာရေးအဆင့်အားလုံးတွင် ပညာအရည်အသွေးအာမခံမှုအတွက် အတွင်း အရည် အသွေးအာမခံမှုနှင့် ပြင်ပ အရည်အသွေးအာမခံမှု လုပ်ငန်းနှစ်ရပ် ပါဝင်သော အခြေခံပညာ အရည် အသွေး အာမခံမှုစနစ်တစ်ခု ရှိရမည်။

၂၈။ အခြေခံပညာ အရည်အသွေး အာမခံမှုစနစ်တွင် ကျောင်းအဆင့်အကဲ ဖြတ်ခြင်း၊ ဆရာများ နှင့် စီမံခန့်ခွဲအုပ်ချုပ်သူများကို အကဲဖြတ်ခြင်း၊ သင်ယူသူများ၏ အောင်မြင်မှုကို အကဲဖြတ်ခြင်း၊ တတ် မြောက်မှု စစ်ဆေးလွှာများကို အကဲဖြတ်ခြင်း၊ သင်ရိုးညွှန်းတမ်း အကဲဖြတ်ခြင်း၊ စီမံချက်၊ စီမံကိန်းများ အကဲဖြတ်ခြင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကိုအကဲဖြတ်ခြင်းနှင့် အခြေခံပညာရေးဆိုင်ရာ အခြေခံ မှုများကို အကဲဖြတ်ခြင်းများ ပါဝင်သည်။

၂၉။ အတွင်းအရည်အသွေး အာမခံမှုလုပ်ငန်းကို စိစစ် အကဲဖြတ်ရာတွင် -

(ခ) ကျောင်းစစ်ဆေးရေးအဖွဲ့များကို တာဝန်ပေးအပ်ခြင်းတို့ ပါဝင်ရမည်။

၃၀။ ဝန်ကြီးဌာနကတာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ အခြေခံပညာရေး လုပ်ငန်းများ လေ့လာကြီးကြပ်ရေးနှင့် အကဲဖြတ်ခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ ၏ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာကျောင်းများနှင့် ရုံးများအတွက် အရည် အသွေးစံသတ်မှတ်ချက်များ၊ အညွှန်းကိန်းများ၊ အရည်အသွေးအာမခံမှုနှင့် အကဲဖြတ် မှုဆိုင်ရာလုပ်ငန်းစဉ်များရေးဆွဲသတ်မှတ်ခြင်း၊

(ခ) ဦးစီးဌာနအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ် အဆင့်တို့တွင်ထားရှိသော ကျောင်းစစ်ဆေးရေးအဖွဲ့များကိုအတွင်း အရည်အသွေး အာမခံမှု အကဲဖြတ်အဖွဲ့များအဖြစ် တာဝန်ပေးပြီး၊ ပုဒ်မ ၂၈ အရ သတ်မှတ်ထား

သော အကဲဖြတ် နယ်ပယ်များအလိုက် စဉ်ဆက်မပြတ် အကဲဖြတ် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်းနှင့် ယင်းအဖွဲ့များ၏တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက်ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊

(ဃ) အတွင်းအရည်အသွေးအကဲဖြတ်မှု အစီရင်ခံစာကို အခြေခံပညာကျောင်းများနှင့် ရုံးများက တင်ပြစေခြင်း၊

(စ) အခြေခံပညာရေးကဏ္ဍ၏အတွင်း အရည်အသွေးအာမခံမှုလုပ်ငန်းများကို ဆောင်ရွက်သည့် ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များက လိုအပ်သောအချက်အလက်များ တင်ပြစေရန် အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဇ) အရည်အသွေးအကဲဖြတ်မှုရလဒ်ကိုအခြေပြု၍ အခြေခံပညာရေးစနစ်၏ စွမ်းဆောင်ရည်ကို လေ့လာသုံးသပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပညာရေးသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃၁။ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက အတွင်း အရည်အသွေး အကဲဖြတ်မှုများနှင့် ပြင်ပအရည်အသွေးအကဲဖြတ်မှုများအပေါ် သုံးသပ်အကြံပြုချက်များကို ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဦးစီးဌာနများက အဆင့်အလိုက် အကောင်အထည်ဖော်ရမည်။ ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၃၀(စ)မှာ "ကို" တစ်လုံးဖြုတ်။ အခြေခံပညာရေးကဏ္ဍ၏အတွင်း အရည်အသွေး အာမခံမှု လုပ်ငန်းများဆောင်ရွက်သည့် ဝန်ထမ်းများအတွက်၊ လုပ်ငန်းများကိုဆိုတဲ့ လုပ်ငန်းများ "ကို" ဖျက်လိုက်။ လုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း "ကို" နှစ်လုံးထပ်နေလို့၊ ရပါပြီ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀(က)(ခ)(ဃ)(စ)(ဆ)(ဇ)၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀(က)(ခ)(ဃ)(စ)(ဆ)(ဇ)၊ အပိုဒ် ၃၁ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၉)၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ (ခ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (ခ)(ဃ)(င)၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄ (က)(ခ) တို့ကို ဆက်လက်တင်ပြပါ့မယ်။

၃၂။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ ကျောင်းပြင်ပ ပညာရေး အစီအစဉ်များ အကောင်အထည်ဖော်ရန် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(ခ) ကျောင်းပြင်ပ ပညာရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်စေရန်အတွက် ကျောင်းပြင်ပ ပညာရေးနှင့် ကျောင်းပညာရေးတို့ အပြန်အလှန်ကူးပြောင်းနိုင်သည့် တန်းညှိပညာရေး အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး ဖြစ်ရပါမယ်ခင်ဗျ။

၃၃။ တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနသည် -

(ခ) ကျောင်းပြင်ပ ပညာရေးအစီအစဉ်တွင် စာတတ်မြောက်ရေး အစီအစဉ်များနှင့် ရပ်ရွာ လူထုဘဝဖွံ့ဖြိုးရေးအတွက် အခြေခံသက်မွေးပညာရေး အပါအဝင် ဝင်ငွေတိုးပွားရေး အစီအစဉ်၊ ကျောင်းပညာရေးနှင့်တန်းညှိအစီအစဉ်၊ ဘဝအရည်အသွေး မြှင့်တင်ရေး အစီအစဉ်တို့ ပါဝင်သောပညာပေးအစီအစဉ်များကို ဆောင်ရွက်ရမည်။

(ဃ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာ များတွင် ပူးတွဲသင်ကြားနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့ ၏ အကူအညီကိုရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

(င) ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် ဝန်ကြီးဌာန ၏သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ရမည်။

၃၄။ ဝန်ကြီးဌာနသည် -

(က) ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ကျောင်းပြင်ပ ပညာရေးဌာနခွဲကို ဖွဲ့စည်းပြီး အဆိုပါဌာနခွဲအား လိုအပ်လျှင် အဆင့်မြှင့် ဖွဲ့စည်းနိုင် သည်။

(ခ) ကိုယ်တိုင်သင်ယူပညာရေး အကောင်အထည်ဖော်ရန်အတွက် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးတို့နှင့် ဆက်စပ်ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ (ခ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (ခ)(ဃ)(င)၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ (ခ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃ (ခ)(ဃ)(င)၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၀)၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၇(က)(ခ) (ဂ)(ဃ)၊ အပိုဒ် ၃၈ (က) (ခ)၊ အပိုဒ် ၃၉ တို့ကို ဆက်လက်တင်ပြပါမယ်။

၃၆။ ပုဒ်မ ၃၅ ပါ ကဏ္ဍနှစ်ရပ်ကို အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်သည်-

၃၇။ ပညာရေးအဆင့်အလိုက် ကျွမ်းကျင်မှုရရှိစေရန် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည်-

(က) မူကြိုပညာရေးအထူးပြု အစီအစဉ်၊

(ခ) မူလတန်းပညာရေး အထူးပြု အစီအစဉ်၊

(ဂ) အလယ်တန်းအဆင့် ဘာသာရပ်အထူးပြု အစီအစဉ်၊

(ဃ) အထက်တန်းအဆင့် ဘာသာရပ်အထူးပြုအစီအစဉ်။

**ဥက္ကဋ္ဌ**။ ။ ဆောင်ရွက်ရမည် လို့ တစ်ခါတည်းထည့်လိုက်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆောင်ရွက်ရမည် မှန်ပါတယ်ခင်ဗျ။

၃၈။ ဆရာအတတ်ပညာရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(ဂ) အရည်အသွေး ကောင်းမွန်ပြည့်ဝသည့် လုပ်ငန်းခွင်အကြိုဆရာ အတတ်ပညာသင်တန်းများနှင့် လုပ်ငန်းခွင်ဆရာ အတတ်ပညာသင်တန်းပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်ထားသောဆရာများ၏တတ်ကျွမ်းမှုစံများနှင့်အညီ ဆရာအတတ်ပညာဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များကို ချီးမြှင့်၍ သင်ကြားခွင့်လိုင်စင် ထုတ်ပေးသောစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်း။

၃၉။ ဝန်ကြီးဌာနသည် ပညာရေးတက္ကသိုလ်၊ ဆရာအတတ်ပညာ ဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဆရာအတတ်ပညာသင်ဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍရှိ ဆရာတတ်ပညာသင်ဌာနများကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် သင့်လျော်သောအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းနိုင်သည်။

ဒီပြင်ဆင်ချက်များ ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၇(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၃၈ (က)(ခ)၊ အပိုဒ် ၃၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၆ ခြေဆင်း၊ ၃၇(က)(ခ)(ဂ) (ဃ)၊ အပိုဒ် ၃၈ (က)(ခ)၊ အပိုဒ် ၃၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ တို့ကို ဆက်လက်တင်ပြပါမယ်။

## အခန်း(၁၁)

## ဆရာများ၏ တာဝန်များနှင့် အခွင့်အရေးများ

၄၀။ ဆရာများသည်နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင် ရှိရမည်။

၄၁။ ဆရာများသည် မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် ချစ်မြတ်နိုးစိတ် ရှိရမည့်အပြင် ကျောင်းသားများအတွက် စံနမူနာကောင်း ဖြစ်ရမည်။

၄၂။ ဆရာများသည် ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာ ကျောင်းသား ဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာကို ထိခိုက်မှုမရှိစေဘဲ သင်ကြားရမည်။

၄၃။ ဆရာများသည် စာသင်ချိန်အတွင်း သတ်မှတ်ထားသည့်သင်ရိုး ပြီးဆုံးသည်အထိ ကျောင်းသားများ အမှန်တကယ် တတ်မြောက်စေရန်နှင့် အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများ ရရှိစေရန်အတွက် သင်ကြားပေးရန် တာဝန်ရှိသည်။

၄၅။ ဆရာများသည် သင်ယူမှု ဖွံ့ဖြိုးတိုးတတ်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရမည်။

၄၇။ ဆရာများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ အခွင့်အလမ်းများ ရပိုင်ခွင့် ရှိသည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၄၅ က ဒီမှာ သတ်ပုံမှားနေတယ်။ တိုးတက်ရေးမှာ တိုးတတ်ရေး ဖြစ်နေတယ် နော်။ ကကြီးသတ်နဲ့ ဖြစ်ရမယ်။ ညွှန်ကြားရေးမှူးချုပ် ရပြီလား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၉၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ တို့ကို ဆက်လက် တင်ပြပါမယ်။

## အခန်း (၁၂)

## မိဘသို့မဟုတ် အုပ်ထိန်းသူများ၏ တာဝန်နှင့် အခွင့်အရေးများ

၄၉။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကျောင်းနေအရွယ် ကလေးများကို နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့ မသင်မနေရ ပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာ ကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်။

၅၀။ မိဘသို့မဟုတ် အုပ်ထိန်းသူသည် အစိုးရကျောင်းတွင် မိမိတို့၏ကလေးကို တာဝန်ယူသင်ကြားနေသည့်ဆရာထံ အခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှု မပြုရန် တာဝန်ရှိသည်။

၅၂။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျောင်းအရည်အသွေး မြင့်မားရေးတို့အတွက် ထိရောက်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ နဲ့ အပိုဒ် ၅၉ တို့ကို ဆက်လက်တင်ပြပါမယ်။

## အခန်း (၁၃)

## ကျောင်းသားများ၏ တာဝန်နှင့် အခွင့်အရေးများ

၅၄။ ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာရန် တာဝန်ရှိသည်။

၅၅။ ကျောင်းသားများသည် ကျောင်းမှန်မှန်တက်၍ ကြိုးစားလေ့လာ သင်ယူရမည်။

၅၇။ ကျောင်းသားတိုင်းသည် အခမဲ့မသင်မနေရပညာရေးအဆင့် ပြီးဆုံးသည့်အထိ သင်ယူရမည်။ ထို့အပြင် အခြေခံပညာကို ပြီးဆုံးသည့်အထိ သင်ယူခွင့် ရှိသည်။

၅၈။ ကျောင်းသားများသည် ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့် အညီ ခံစားခွင့်ရှိသည်။

၅၉။ ကျောင်းသားတိုင်းသည် အခြေခံပညာကျောင်းများတွင် စနစ်တကျဖွဲ့စည်းထားသော ကျောင်းကောင်စီ၏ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိသည်။

ဒီပြင်ဆင်ချက်များ ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ သည် ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ခေတ္တ (၁၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၈။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၄)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ တို့ကို ဆက်လက်တင်ပြပါမယ်။

၆၀။ ရပ်ကွက်သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးများကို အခမဲ့မသင်မနေရ ပညာရေး ပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီရမည်။ ထို့အပြင် ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးအတွက် ပူးပေါင်း ဆောင်ရွက်ရမည်။

၆၁။ ပြည်သူလူထုသည် အခြေခံပညာရေးရည်မှန်းချက်များ၊ အခြေခံမူများကိုပေါက်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၆၂။ ပြည်သူလူထုသည် အခြေခံပညာကျောင်းမရှိသော ကျေးရွာများတွင် ရပ်ရွာပညာပဒေသာ ဌာနများဖွင့်လှစ်၍ ကျောင်းပြင်ပပညာရေးနှင့် ကျောင်းပညာရေးကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရမည်။

၆၃။ ပြည်သူလူထုသည် ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ရပ်ရွာအခြေပြုပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည်။

၆၄။ ပြည်သူလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများနှင့်အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၆၅။ ပြည်သူလူထုသည် အစိုးရကျောင်းများတွင် တာဝန်ယူ သင်ကြားနေသည့် ဆရာအား အခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှုဖြစ်စေသည့် အခြေအနေများ ပပျောက်စေရန် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၆၆။ ပြည်သူလူထုသည် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ အကောင်အထည်ဖော်ရာတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၆၇။ မူကြိုပညာရေးအပါအဝင် အခြေခံပညာရေးဆိုင်ရာ နှစ်စဉ်ဘဏ္ဍာငွေ လိုအပ်ချက်ကို သက်ဆိုင်ရာ ဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီး ဌာနများမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြတောင်းခံရမည်။

ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စာပိုဒ် ၆၀၊ ၆၁ ပြည်သူလူထုသည် အခြေခံပညာရေး ရည်မှန်းချက်များ၊ အခြေခံမူများကိုပေါက်မြောက်အောင် အကောင်အထည်ဖော်ရာတွင် ဦးစီးဌာနနှင့်ပူးပေါင်း ဆောင်ရွက်ရမည်။ "ဆောင်ရွက်" တစ်လုံးဖျက်လိုက်ပါ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း(၁၅)၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉ ခြေဆင်း၊ အပိုဒ် ၆၉(က) (ခ)၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁ နဲ့ အပိုဒ် ၇၂ တို့ကို ဆက်လက်ပြီးတော့ တင်ပြပါမယ်။

၆၈။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများက လှူဒါန်းသောပစ္စည်းများ၊ ငွေများနှင့်ထောက်ပံ့ကူညီမှုများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုချက်ဖြင့် လက်ခံနိုင်သည်။

၆၉။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်း များသည် -

(က) ပုဒ်မ ၆၈ အရ လက်ခံရရှိသောပစ္စည်းများ၊ ထောက်ပံ့ကူညီမှုများနှင့် လှူဒါန်းငွေများကို ပညာရေး ကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယား မှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာ ရှိစေရန် ဆောင်ရွက်ရမည်။

၇၀။ ကျောင်းပြင်ပ ပညာရေးကိုဆောင်ရွက်သော ဌာနများသည် ကျောင်းပြင်ပပညာရေးဆိုင်ရာ အသုံးစရိတ်များကို ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၇၁။ မသန်စွမ်းသူများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူ ခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခု၌ ပညာ

သင်ယူဆည်းပူးခွင့် ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်သောဌာနသည် အသုံးစရိတ်များကို ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံ နိုင်သည်။

၇၂။ ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေးအထူး ဝန်ဆောင်မှုအဖြစ် ဖွင့်လှစ် ဆောင်ရွက်နေသော ဌာနများသည် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ အသုံးစရိတ်များ ကို ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံ နိုင်သည်။

ဒီပြင်ဆင်ချက်များ ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉ ခြေဆင်း၊ အပိုဒ် ၆၉ (က)(ခ)၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉ ခြေဆင်း၊ အပိုဒ် ၆၉ (က)(ခ)၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁၆)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅ (ခ)၊ အပိုဒ် ၇၆ တို့ကို ဆက်လက် တင်ပြပါမယ်။

၇၄။ ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို ပြည်တွင်း ပြည်ပ အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း၍ဖြစ်စေ၊ သီးခြားဖြစ်စေ သက်ဆိုင်ရာ ဥပဒေများ နှင့်အညီ တည်ထောင်ခွင့်ပြုရမည်။

၇၅။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတို့သည် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅(ခ)၊ အပိုဒ် ၇၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅ (ခ)၊ အပိုဒ် ၇၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များကို တင်ပြသွားပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၅)၊ အပိုဒ် ၁၂၊

အခန်း(၆) ၊အပိုဒ် ၁၄(စ)၊ အပိုဒ် ၁၆ (က)(၄)(၉)၊

အခန်း(၇)၊ အပိုဒ် ၁၈၊ အပိုဒ် ၂၆(ဂ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊

အခန်း(၉)၊ အပိုဒ် ၃၆ (ဂ)(ဃ)၊ အပိုဒ် ၃၇၊

အခန်း(၁၀) ၊ အပိုဒ် ၄၈(ဃ)၊

အခန်း(၁၃)၊ အပိုဒ် ၇၁၊

အခန်း(၁၄)၊ အပိုဒ် ၈၁၊

အခန်း(၁၅)၊ အပိုဒ် ၈၂၊ အပိုဒ် ၈၆၊ အပိုဒ် ၈၉ တို့ကို မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ထားပါတယ်။

ဒီပယ်ဖျက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခန်း (၁၅) ပြန်ဖတ်ပါဦး။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁၅)၊ အပိုဒ်၈၂၊ အပိုဒ် ၈၆၊ အပိုဒ် ၉၀ တို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၈၉ လို့ ဖတ်သွားတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်များကို ဆက်လက်တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ်၁၊ အပိုဒ်၂(က)(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ဎ)(ဏ) (တ)(ထ)(ဒ)(ဓ)(ပ)(ဖ)(မ)(လ)(သ)(ဠ)(အ)၊

အခန်း(၃)၊ အပိုဒ် ၄(က)(ဆ)(ဈ)(ည)(ဌ)(ဍ)(ဎ)(တ)(ဓ)(ပ)၊

အခန်း(၄)၊ အပိုဒ် ၅ခြေဆင်း၊ အပိုဒ် ၅ (က)(ဃ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (က)(ခ)၊ အပိုဒ် ၇ (က)မှ (ဆ) အထိ၊ အပိုဒ် ၇ (ဈ)၊ အပိုဒ် ၈၊ အပိုဒ် ၉ (ခ)၊

အခန်း(၅)၊ အပိုဒ် ၁၀(က)(၁)(၁၁)၊ အပိုဒ် ၁၁ (က)မှ(င)အထိနှင့် ပြောင်းလဲအမှတ်စဉ်ထားတဲ့

အခန်း(၆)၊ အပိုဒ် ၁၂ (ဂ)၊ အပိုဒ် ၁၃(က)(ခ)(ဃ)(င)(၁)(၂)၊ အပိုဒ် ၁၄ (ခ)၊ အပိုဒ် ၁၅ (က)(၁)(၂)(၃)(၅)(၆)(၇)၊ အပိုဒ် ၁၅ (ခ)(ဂ)(၁)(၂)၊ အပိုဒ် ၁၅ (ဃ)(၁)(၂)(၃) (၄)၊

အခန်း(၇)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ (က)မှ(စ)အထိ၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၃(က)၊ အပိုဒ် ၂၄(င)၊ အပိုဒ် ၂၅၊

အခန်း(၈)၊ အပိုဒ် ၂၉ (က)၊ အပိုဒ် ၃၀(ဂ)(င)၊

အခန်း(၉)၊ အပိုဒ် ၃၂(က)၊ အပိုဒ် ၃၃(က)(ဂ)၊

အခန်း(၁၀)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၈ (ဂ)၊

အခန်း(၁၁)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈၊

အခန်း(၁၂)၊ အပိုဒ် ၅၀၊ အပိုဒ် ၅၃၊

အခန်း(၁၃)၊ အပိုဒ် ၅၆၊ အခန်း(၁၆)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၅ (က)၊ အပိုဒ် ၇၇ တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇၇ တို့သည် ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။ အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ် (၇)ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ အခြေခံပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဒေါက်တာဒေါ်ခင်စန်းရီ(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာပညာရှင်ကြီးများနှင့် အသေးစိတ် ဆွေးနွေး ညှိနှိုင်းပြင်ဆင် ပြီးဖြစ်ပါတယ်။ ယင်းပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ချက်များကို ပညာရေးဝန်ကြီးဌာနက သဘောတူပါတယ်။ သို့ပါ၍အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။　　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀) ဦးနု က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခြေခံပညာရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။　　။ ယခု အဆိုမှာ အခြေခံပညာရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အခြေခံပညာရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာန၏ ၂၂-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သော မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ၁၁-၅-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ယင်း နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၂၃-၇-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၀၅ တွင် ယင်း နည်းဥပဒေ ၂၀၄ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်း နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။ ယင်းသို့ အဆိုတင်သွင်းခြင်း မရှိပါက အတည်ပြုသည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ယခု မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒ ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၅-၆-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀၅/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို အမျိုးသားလွှတ်တော်တွင် ၁၉- ၆ - ၂၀၁၅ ရက်နေ့၌ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ယင်း နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၂၃-၇-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၀၅ တွင် ယင်း နည်းဥပဒေ ၂၀၄ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ယင်း နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။ ယင်းသို့ အဆို တင်သွင်းခြင်း မရှိပါက အတည်ပြု သည်ဟု မှတ်ယူရမည် ဟု ပြဋ္ဌာန်းထားပါတယ်။

ယခု အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၃၃ နာရီအချိန်တွင် ရပ်နားပါသည်။]